# အင်္ဂလန်ခရီး မပြီးသေးပါ (၁၁)

အရှင်ဉာဏိက

## လီဗာပူးနဲ့ထူးထွေလာ

မန်ချက်စတာနဲ့ လီဗာပူးက မိုင် ၃၃ မိုင်ခရီး။ မန်ချက်စတာကနေ နံနက် ၁၀ နာရီလောက်မှာ စထွက်ခဲ့တယ်။ ရာသီဥတုက မှုန်ပျပျ။ ဒီနေ့အဖို့ မိုးလေဝသ သာယာမယ်လို့တော့ ဆိုထားတာပါပဲ။ ဒီနေရာဒေသက မိုးများတဲ့ဒေသ။ နောက်ပြီး နေကိုမြင်ရဖို့လည်း အခွင့်အလမ်း အလွန်နည်းတဲ့ဒေသ။ ဒီတော့ သူတို့သာယာပါတယ်ဆိုတာက ဘယ်အတိုင်းအတာကို သာယာတယ်လို့ဆိုတာကလဲ ကြိုတင်မှန်းဆဖို့ အခက်။ မိုးမရွာတာကိုပဲ ဆိုလိုတာလား။ နေသာမှာကိုပဲ ဆိုလိုတာလား။ မြို့ခံများကတော့ပြောပါတယ်။ နေသာတဲ့နေ့ကို တွေ့ရတယ်ဆိုလျှင်တော့ ကိုယ့်အတွက် လာဘ်ကောင်းတစ်ခုတဲ့။



လီဗာပူးမှာ ဘာတွေထင်ရှားတာရှိသလဲလို့ တစ်ယောက်ယောက်ကို မေးကြည့်လျှင် လီဗာပူးဘောလုံးအသင်းက ထိပ်ဆုံးက ပါလာမှာ မလွဲ။ ကိုယ်ထင်ပါတယ်။ လက်ရှိ လီဗာပူးစတားတွေဖြစ်တဲ့ စတီဗင်ဂျရတ်တို့၊ ဖာနန်ဒိုတောရက်စ်တို့ရဲ့နာမည်ဆိုလျှင်လည်း လမ်းပေါ်မှာ ကစားနေတဲ့ ကိုယ်တုံးလုံးအရွယ် ဘောလုံးသမားငယ်လေးတွေကအစ သိနိုင်မယ်ထင်ပါတယ်။ ခုနောက်ပိုင်းနှစ်များမှာတော့ အဲဗာတန်ဆိုတဲ့ အသင်းတစ်သင်းလည်း ဘောလုံးဝါသနာရှင်များ စောင့်ကြည့်ရတတ်တဲ့အသင်း ဖြစ်လာနေပြီပေါ့။ လီဗာပူးနဲ့ အဲဗာတန်ဘောလုံးကွင်းနှစ်ကွင်းကလည်း သုံးမိနစ်ခန့်မျှ ကားမောင်းသွားရတဲ့ အဝေးမှာ။ လီဗာပူးကို ရောက်လျှင်တော့ လီဗာပူးရဲ့ အထင်ကရ သင်္ကေတဖြစ်တဲ့ လိုက်ဗားငှက်ကိုလည်း နေရာတော်တော်များမှာ ထင်ထင်ရှားရှား တွေ့ရမှာပါ။ သူက မြို့ရဲ့အထိမ်းအမှတ်ငှက်လေ။လိုက်ဗားငှက်ဆိုတာ ဘယ်လိုလဲလို့ သိချင်လျှင်တော့လည်း လီဗာပူးဘောလုံးသမားတွေရဲ့ ရင်ဘတ်ပေါ်က အမှတ်အသားတံဆိပ်လေးကိုသာ ကြည့်ပါတော့လို့ပဲ ပြောရတော့မှာပဲ။ ကိုယ်ကတော့ ဒီလိုက်ဗားငှက်က ဘယ်လိုငှက်မျိုးဆိုတာ ပြောမပြတတ်တာ အမှန်ပါပဲ။

ကမ္ဘာကျော်ပေမယ့် လီဗာပူးနဲ့ တွဲမသိကြတဲ့အရာတစ်ခုလည်း ရှိတယ်လေ။ အဲဒါကတော့ ကမ္ဘာကျော် **The Beatles** ဗီတဲလ် တေးဂီတအဖွဲ့ပေါ့။ ၁၉၆၀ နှစ်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ဘီတဲလ်ဟာ ရော့ခ်တေးဂီတလောကရဲ့ ထူးခြားတဲ့သင်္ကေတလို့ ပြောနိုင်ပါလိမ့်မယ်။ စီးပွားရေးအရ အောင်မြင်တဲ့အဖွဲ့တစ်ဖွဲ့။ စံချိန်တင်မှုမြောက်များစွာနဲ့ ခေတ်သစ်မြူးဇစ်လောကထဲကို အင်နဲ့အားနဲ့ဝင်လာတဲ့အဖွဲ့။ ဒီအဖွဲ့ကို စတင်တည်ထောင်ခဲ့သူတွေဖြစ်တဲ့ ပေါ မက်ကာတနီ၊ ဂျွန်လင်နန်၊ ဂျော့ဟယ်ရီဆင်နဲ့ ရင်ဂိုစတားတို့ဆိုလျှင်လည်း ရော့ခ်ဂီတလောကရဲ့ အထင်ကရကြီးများ ဖြစ်နေကြတယ်။

ရော့ခ်အဆိုရှင်များရဲ့ မိုင်ကုန်ဟစ်ကြွေးမှုနဲ့ ပြင်းပြင်းထန်ထန် ခေါက်လေ့ရှိတဲ့ ဒရမ်သံ။ နောက်ပြီး ထူးဆန်းတဲ့ ဆေးမင်ကြောင်နဲ့ ဝတ်စားဆင်ယင်မှုက ငြိမ့်ငြိမ့်အေးအေးလေး နေလိုစိတ် အချိန်များများဖြစ်လေ့ရှိတဲ့ ကိုယ့်ကိုယ် သိပ်မဆွဲဆောင်နိုင်တာကြောင့် ကိုယ်နဲ့ ရော့ခ်ဂီတနဲ့က တကယ်တော့ သိပ်ပြီး မရင်းနှီးလှပါဘူး။ ဒီတော့ ရော့ခ်သခင်တွေဖြစ်တဲ့ ဘီတဲလ်အဖွဲ့ရဲ့ ထုတ်ကုန်များကိုလည်း မသုံးစွဲခဲ့ဖူးပါဘူး။

သို့ပေမယ့် ဗီတဲလ်အဖွဲ့သားဟောင်းဖြစ်တဲ့ ပေါလ် မက်ကာတနီရဲ့ တေးသီချင်းတစ်ပုဒ်ကိုတော့ တော်တော်ရင်းနှီးနေခဲ့ပါတယ်။ ဒီသီချင်းကိုတော့ တေးသီချင်းအမည်ကို မသိလျှင်တောင် မြန်မာပရိတ်သတ်တော်တော်များ ရင်းနှီးနေမယ်

လို့ ယူဆပါတယ်။  ပေါလ် မက်ကာတနီရဲ့ ဖရီးဒမ်း ဆိုတဲ့တေးသီချင်း။ အခမ်းအနားတော်တော်များများမှာ ကြားခဲ့ဖူးပါတယ်။ ဒီသီချင်းလေးက အမှောင်ကမ္ဘာကြီးစိုးတဲ့ ကမ္ဘာဦးကာလက နေနဲ့လကိုတောင့်တတဲ့ ကမ္ဘာဦးလူသားတွေလို လွတ်လပ်မှုပျောက်ဆုံးနေသူ လူသားများရဲ့ မီးရှူးတန်ဆောင် လွတ်လပ်ရေးတိုက်ပွဲခေါ်သံ တေးတစ်ပုဒ်ဆိုလည်း ဟုတ်ရဲ့ပေါ့။ အခမ်းအနားတစ်ခုမှာ သူ့တေးသံ အမှတ်မထင်ကြားရစဉ်က ကိုယ့်ခြေထောက်တွေ အထက်ကို ကြွစေနိုင်ခဲ့တယ်။

ဒါ ငါ့အခွင့်အရေး။ ဒီအခွင့်အရေးကို ဘုရားသခင်က ငါ့ကိုပေးထားခဲ့တယ်။
ငါ လွတ်လပ်စွာ အသက်ရှင်ခွင့်ရှိတယ်။ ငါ လွတ်လပ်စွာ နေထိုင်ခွင့်ရှိတယ်။

လွတ်လပ်ရေးတေး ဆိုကြမယ်။
လွတ်လပ်ခြင်းအကြောင်း ပြောကြမယ်။
လွတ်လပ်မှုအတွက် တိုက်ပွဲဝင်မယ်။
လွတ်လပ်စွာရှင်သန်မှုအတွက် တိုက်ပွဲဝင်မယ်။

ဒီလွတ်လပ်မှုတွေကို လုယူသွားတဲ့သူတွေအနေနဲ့ နားလည်ဖို့က
ငါတို့ရဲ့ ခုလို တွန်းလှန်တိုက်ခိုက်မှုဟာ
ငါတို့ရဲ့ အခွင့်အရေးပဲဖြစ်တယ်။
ဒီပြဿနာအားလုံးရဲ့ အကြောင်းရင်းဟာ
သင်တို့ပဲဖြစ်တယ်။

လွတ်လပ်စွာ နေထိုင်အသက်ရှင်သန်ဖို့အတွက်
တိုက်ပွဲ ဆင်နွှဲဖို့
လာသွားကြမယ်–တဲ့။

ဗီတဲလ်နဲ့လီဗာပူး တွဲမသိကြပေမယ့် ဗီတဲလ်က လီဗာပူးရဲ့ အထင်ကရ သားရတနာတွေလေ။ ဒီတော့ လီဗာပူး အကြောင်းပြောလျှင် ဗီတဲလ်ကိုလည်း ချန်ထားလို့ မရ။ သူတို့ပါပါမှ လီဗာပူးအလှက ပြည့်စုံမှာ။ ဗီတဲလ် ဟစ္စတရီ ဆိုတဲ့ ဗီတဲလ်ပြခန်းက လီဗာပူးရဲ့ **(Albert Dock)** အဲလဘတ် ဒေါ့ခ်မှာ အထင်ကရ။ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်တဲ့ နေရာဌာနတစ်ခု ဖြစ်လို့နေသပေါ့။ ကိုယ်ကတော့ ပြောခဲ့သလို ဗီတဲလ်ရဲ့ ဖန်းမဟုတ်လေတော့ ဈေး အတန်အသင့်မြင့်နေတဲ့ ဗီတဲလ်ပြခန်းကို ဝင်မကြည့်ဖြစ်ခဲ့ပါဘူး။ ဆောရီးပါ ဗီတဲလ်။

အဲလဘတ်ဒေါ့ခ်မှာရှိတဲ့ လီဗာပူးရဲ့ ကမ်းခြေအလှတွေ၊ ခေတ်သစ်ဗိသုကာ အဆောက်အဦတွေ၊ ခေတ်ဟောင်းသမိုင်းဝင်အဆောက်အဦတွေကို ကြည့်နေစဉ်မှာပဲ ညို့တို့တို့ကောင်းကင်က ရုတ်တရက်မိုးစက်ပေါက်တို့ ရွာသွန်းချလေတယ်။ ဒါက လီဗာပူးမှာဖြစ်လေ့ရှိတဲ့ သဘာဝဖြစ်လေမလားပါ။ ဒီတော့လည်း ခေတ္တနားခိုရာနေရာကို ရှာရပြန်တာပေါ့။ မွန်းလွဲအချိန်မှာတော့ ကိုယ့်မိတ်ဆွေတစ်ဦးရဲ့ အမှတ်တရမှာကြားချက်ကြောင့် လီဗာပူးဘောလုံးကွင်းတည်ရှိရာ အန်ဖီးလ်ကို သွားရောက်လည်ပတ်ခဲ့တယ်။ အန်ဖီးကိုမရောက်မီမှာ လိုက်ပို့တဲ့ကားသမားရဲ့ မျက်စိလည်လမ်းမှားမှုကြောင့် အဲဗာတန်ဘောလုံးကွင်းဆီရောက်သွားခဲ့တယ်။ အရင်တစ်ခါညှော့်သည်တွေကို ပို့စဉ်ကလည်း ခုလိုပဲမှားခဲ့ဖူးပါသတဲ့။ အဲဗာတန်ကို ရောက်တုံးရောက်ခိုက် ကွင်းရှေ့မှာ အမှတ်တရ ဓာတ်ပုံတစ်ပုံလည်း ရိုက်ခဲ့ပါသေးတယ်။ အဲဗာတန်မှာတော့ ကမ္ဘာကျော်တွေ ရှိဟန်မတူ။

အန်ဖီးကွင်းက ရက်ကွက်ကြားမှာ။ ဘေးမှာ ကွင်းကျယ်ကျယ်နေရာ လုံးဝမရှိ။ ကိုယ်တွေ့ဖူးတဲ့ အားကစားကွင်းများနဲ့တော့ လုံးဝတခြားစီ။ ကွင်းအတွင်းတော့ ဘယ်လိုရှိမယ်မသိ။ ဘောလုံးကွင်းနဲ့ လီဗာပူးဘောလုံးအသင်းပြတိုက်ကို

ဝင်ရောက်လေ့လာခွင့်ရှိဖို့တော့ လက်မှတ်ဝယ်ဖို့လိုတယ်။ သို့ပေမယ့် ဘောလုံးအသင်းတစ်ခုရဲ့ ဘောလုံးကွင်းတစ်ခုကို တန်ဖိုးကြီးကြီးပေးပြီး လေ့လာကြည့်လောက်အောင် ကိုယ်က ဝါသနာမကြီး။ ဒါကြောင့် အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်ကို ခဏဝင်ကြည့်ပြီး အန်ဖီးလ်ကနေပြန်ခဲ့တယ်။

လီဗာပူးကအပြန်မှာတော့ ရိုမန်အင်ပါယာခေတ်က အထင်ကရဖြစ်ခဲ့တဲ့ မြို့တစ်မြို့၊ အင်္ဂလန်ရဲ့ သမိုင်းဝင်အလှတွေနဲ့ ပေါကြွယ်လှတဲ့ မြို့တစ်မြို့ရယ်လို့ဆိုကြတဲ့ ချက်စတာမြို့ဆီကို သွားခဲ့တယ်။လီဗာပူးကထွက်စကလည်းက ဖွဲဖွဲလေး ကျနေခဲ့တဲ့ မိုးက ချက်စတာမြို့ထဲအဝင်မှာတော့ ဝုန်းဒိုင်းကျဲလို့ သဲလာခဲ့တယ်။ မြို့တွင်းလမ်းတလျှောက် ရှေးလေးငါး ပေလောက် အကွာအဝေးတောင်မှပင် သဲကွဲစွာ မမြင်နိုင်တော့။ ဒီတော့ ချက်စတာရဲ့ သမိုင်းလက်ရာတွေကိုလည်း လုံးဝလေ့လာကြည့်ရှုခွင့် မရနိုင်ခဲ့။ ရောက်ဖြစ်ရောက်ခဲ ရောက်နိုင်ခဲတဲ့နေရာဒေသရဲ့ ရှေးဟောင်းအလှ ရသတွေကိုလည်း ခံစားလို့ မရနိုင်တော့ဘူးပေ့ါ။သို့ပေမယ့် ရိုမန်ခေတ်ကြွင်းလက်ရာတွေကို နေရာတော်တော်များမှာ ထိမ်းသိမ်းထားတဲ့ အင်္ဂလိပ်တွေနဲ့ ဆက်စပ်ပြီး အတွေးတစ်ခု ဝင်ခဲ့တယ်။

အင်္ဂလန်မှာ ရိုမန်ခေတ် လက်ကျန်သင်္ကေတတွေက အမြောက်အများ။ Chester က ဒီအထဲက တစ်နေရာ။ သမိုင်းဆိုတာ အကောင်းတွေချည်းသာ မဟုတ်သလို အဆိုးတွေချည်းပဲသက်သက် ချန်ထားခဲ့တာမျိုး မဟုတ်။ ထင်ကျန်နေတဲ့ သမိုင်းပုံရိပ်ပေါ်မှာ ရှုမြင်ပုံခြင်း တန်ဖိုးထားပုံခြင်း အသုံးပြုပုံခြင်းလည်း တစ်ဦးနဲ့တစ်ဦး တူနိုင်မယ် မဟုတ်။ သမိုင်းရဲ့အမည်းကွက်ကိုသာ ရှုမြင်သူရှိနိုင်သလို အဖြူပြင်သက်သက်ကိုသာ စွဲစွဲမက်မက် စုတ်ချက်တင်သူလည်း ရှိနိုင်မှာပါပဲ။ အခြားသူများအနေနဲ့ အမည်းလို့ပဲတင်တင် အဖြူလို့ပဲစွဲစွဲ ခွဲခြမ်းတတ်တဲ့ပညာဆိုတာ အမှားကိုပြင် အမှန်ကိုဖက် အနာဂတ်လူ့သမိုင်းအတွက် ကိုယ့်ဆီကနေ ကောင်းတဲ့အချက်တွေကိုပဲ ဆက်လက်ချန်ထားရစ်နိုင်ဖို့ အရေးကြီးပါတယ်လို့ ကိုယ်ကတော့ ယူဆတယ်။



ခုလိုမိုးတွေ သဲသဲမဲမဲ လာလို့ လုံးဝ အဆင် သိပ်ပြီး မရင်းနှီးလှပေ ဘတ် ဒေ့ါခ်မှာရှိတဲ့ အီ လယ်စာ စားနေခဲ့ချိန် ကြားခဲ့ရတဲ့ ဘီတဲလ် ဆိုတဲ့ အထင်ကရ သီ မှာ ပြန်လည် ကြား ပေ့ါ။ ခုလို မိုးတွေ တော့လဲ ဗီတဲလ် ပြော ကောင်းသောနေ့ပါ။

ရွာနေပြန်တော့လဲ သွားလို့ မပြေနိုင်ဘူးပေ့ါ။ ဗီတဲလ်နဲ့ မယ့် ဒီအချိန်မှာပဲ အဲလ တာလျံ ပီဇာဆိုင်မှာ နေ့ ကမှ လတ်လတ်ဆတ်ဆတ် အဖွဲ့ရဲ့ ဂွတ်ဒေး၊ ဆန်းရှိုင်း– ချင်းသံက မိုးသဲသဲ အောက် ယောင်လာတယ်။ ဟုတ်တာ အညှိုးတကြီး ရွာနေပြန် သလို ‘နေသာတဲ့နေ့ဆိုတာ နေသာတဲ့နေ့ဟာ ကြည်နူး ပျော်ရွှင်စရာပါ’– ဆိုတဲ့ စကားက ပိုပြီးအဓိပ္ပါယ်ပြည့်ဝလို့ သွားပြန်တာပေ့ါ။ မှန်တာပေ့ါ ဘီတဲလ်ရယ်။ နွေးထွေးတဲ့ နေ့တနေ့။ အလင်းရောင်တောက်ပတဲ့ နေ့တစ်နေ့ဟာ ကြည်နူးစရာကောင်းတာ၊ ပျော်ရွှင်ဖွယ်ရာကောင်းတာ အမှန်ပဲပေ့ါ။ တောက်ပတဲ့ နေရောင်ခြည်ကနေ သယ်ဆောင်လာတဲ့ လင်းလက်မှုနဲ့ နွေးထွေးမှုအလှရသကို အားလုံးသော လူသားတွေ ညီတူမျှဝေစွာ ခံစားပါစေရယ်လို့ ကိုယ်ကလည်း ဆုတောင်းပေးလိုက်ပါတယ်။

လွတ်လပ်ရေးတေးဆိုဖို့

........

လာလေ အတူသွားကြမယ်။ ။